China · YUNNAN
HEADLINE
၄-၁၀ ဧပြီလ ၂၀၁၇ Vol.68
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES
A

# တံခါးဖွင့်လှစ်သောယူနန်သည် ကမ္ဘာ၏အမြင်အာရုံကိုဆွဲဆောင်နေသည်

ယူနန်သည် "တစ်ဇုန်တစ်လမ်း" ၏ အရေးပါသော အချက်အချာဒေသအဖြစ် ထူးခြားသောတည်နေရာအားသာချက်နှင့် ပြုပြင်ပြောင်းလဲတံခါးဖွင့်လှစ်ခြင်းဖြင့် ရရှိသောအောင်မြင်မှုများကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ အကောင်းမြင်နေကြပါသည်။ ယခုနှစ်ပိုင်းတွင် ယူနန်၏ စီးပွားရေးအထွေထွေအင်အားတိုးမြှင့်လာသည်နှင့်အတူ ပြည်ပတွင်ယူနန်လုပ်ငန်းအဖွဲ့များ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ပိုမိုလျင်မြန်လာပြီး အရည်အသွေးလည်း အရှိန်အဟုန်မြှင့်တင်လာသည်။ အမေရိကန်၊ မြန်မာ၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားအပါအဝင်နိုင်ငံပေါင်း(၅၂)ခုတွင် ပြည်ပနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပူးပေါင်းဆောင်ရွက်နေသည်။

ယခုရက်ပိုင်း၌ ကူမင်းမြို့တွင် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံအသီးသီးနှင့် အမေရိကန်ရှိအချို့ပြည်နယ်မြို့များသည် ဒေသခံရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်၊ ပေါ်လစီနှင့်စီမံကိန်းကြော်ငြာမိတ်ဆက်ပွဲကိုကျင်းပခဲ့သည်။ ယူနန်နှင့်ပူးပေါင်းဆောင်ရွက်နိုင်သော အခွင့်အရေးကိုရှာဖွေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အတူညှိနှိုင်းလိုကြသည်။



## အရှေ့တောင်အာရှ(၅)နိုင်ငံမှ စီမံကိန်း(၁၇၉)ခုကို ယူနန်သို့သယ်ဆောင်လာပြီး ပူးပေါင်းဆောင်ရွက်မှုအခွင့်အရေးရှာဖွေ

(၁၄)ရက်နေ့၌ ကူမင်းတွင် "တစ်ဇုန်တစ်လမ်း" ယူနန်လုပ်ငန်းအရှေ့တောင်အာရှနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းမိတ်ဆက်ကြော်ငြာပွဲကို ကျင်းပခဲ့သည်။

မိတ်ဆက်ကြော်ငြာပွဲပေါ်တွင် စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်စသည့် နိုင်ငံအစိုးရနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းတာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကျွမ်းကျင်ပညာရှင်များမှ မိမိနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် ပေါ်လစီကို အသေးစိတ်မိတ်ဆက်ခဲ့ပြီး "တစ်ဇုန်တစ်လမ်း" ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကို နက်ရှိုင်းစွာဆွေးနွေးခဲ့သည်။ ထို့အပြင် ကြော်ငြာပွဲတွင် အဆိုပါနိုင်ငံများမှ စီမံကိန်း(၁၇၉)ခုကို မိတ်ဆက်ခဲ့ရာ စီမံကိန်းအကြောင်းအရာများမှာ စွမ်းအင်လျှပ်စစ်၊ အခြေခံအဆောက်အအုံ၊ စက်မှုထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ တတိယလုပ်ငန်းစသည့် နယ်ပယ်များစွာပါဝင်သည်။

## တရုတ်၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်(၄)နိုင်ငံသည် သစ်တောရေးရာလုပ်ငန်း နယ်ခြားပူးတွဲကာကွယ်ရေးကို အတူတွန်းဆော်

လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတွင် သစ်တောအရင်းအမြစ်ကြွယ်ဝသည်။ ယူနန်ပြည်နယ်သည် အဆိုပါနိုင်ငံ(၃)နိုင်ငံနှင့် ဆက်စပ်လျက်ရှိနေသည့် နယ်နိမိတ်မျဉ်းကြောင်းမှာ (၄၀၆၀)ကီလိုမီတာရှည်လျားသည်။ ယခုနှစ်ပိုင်းတွင် ယူနန်သည် ဖလှယ်မှုစနစ်ကို ပြည့်စုံကောင်းမွန်စေအောင်အဆက်မပြတ်လုပ်ဆောင်နေသည်။ နိုင်ငံ(၃)နိုင်ငံနှင့် သစ်တောရေးရာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင်ဆောင်ရွက်နေသည်။ အထူးသဖြင့် နယ်ခြားပူးပေါင်းကာကွယ်ရေးဖြင့် တရုတ်နိုင်ငံနှင့် ဘေးပတ်ဝန်းကျင်နိုင်ငံအကြား ဇီဝမျိုးနွယ်စုပူးတွဲကာကွယ်ရန်အတွက် အတွေ့အကြုံများကို စူးစမ်းရှာဖွေခဲ့ကြသည်။

ယခုနှစ်ပိုင်းတွင် "တရုတ်-လာအိုနယ်ခြားပူးတွဲကာကွယ်ရေးဒေသ"ဆောက်လုပ်ရေးကို ယူနန်မှဆက်လက်တွန်းဆော်နေလျက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင် ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားနိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းကာကွယ်ရေးဇုန်မှ ကာကွယ်ရေးဒေသကိုတည်ထောင်နိုင်သည့်အတွေးကို တင်ပြခဲ့သည်။ လာအိုနန်ထာ၊ ဖုန်းစလီ၊ ဝူတောမူဆယ် စသည့်ပြည်နယ်များမှသက်ဆိုင်ရာအုပ်ချုပ်ရေးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကာကွယ်ရေးဒေသတည်ဆောက်ရေးကို ဖြည်းဖြည်းချင်းတွန်းဆော်ခဲ့ကာ အဆိုပါဒေသအတွင်းရှိ ဇီဝမျိုးနွယ်စုများကို ပူးတွဲကာကွယ်ရန် လုပ်ဆောင်ခဲ့ကြသည်။ ၂၀၀၉-၂၀၁၃ ခုနှစ်အတွင်း တရုတ်နှင့်လာအိုနှစ်ဖက်သည် နယ်ခြားဇီဝမျိုးနွယ်စုပူးတွဲကာကွယ်ရေးဒေသ(၄)ခုကို အတူသတ်မှတ်ခဲ့ရာ တောင်မြောက်(၂၂၀)ကီလိုမီတာရှည်လျား၊ ရှေ့နှင့်အနောက်(၅)ကီလိုမီတာခန့်ကျယ်ဝန်းသော အကျယ်အဝန်း(၂)သိန်းဟက်တာခန့်ရှိသော ကာကွယ်ရေးဒေသမှာ အစဖြစ်ပေါ်လာခဲ့ပါသည်။

တရုတ်နှင့်မြန်မာနယ်ခြားကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုအပိုင်းကဏ္ဍတွင် ၂၀၁၆ ခုနှစ်နိုဝင်ဘာလ၌ "ပထမအကြိမ်တရုတ်-မြန်မာ သစ်တောအရင်းအမြစ်ကာကွယ်ရေးနှင့် ရပ်ကွက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်"သည် "စိမ်းရောင်ဇီဝပတ်ဝန်းကျင်ကို အတူလက်တွဲတည်ဆောက်"ဟူသော အဓိကခေါင်းစဉ်ဖြင့် ဇီဝမျိုးနွယ်ကာကွယ်ရေး၊ သစ်တောအရင်းအမြစ်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ သစ်တောစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ကွက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် ရေပန်းစားနယ်ပယ်များအပေါ် ဆွေးနွေးခဲ့၍သဘောတူညီမှုများရရှိခဲ့ပြီး ပူးတွဲစနစ်ဖြစ်မြောက်စေခဲ့သည်။

တရုတ်နှင့်ဗီယက်နမ်နယ်ခြားကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအပိုင်းကဏ္ဍတွင် ယခင်နှစ်နှစ်ကုန်တွင် ယူနန်ပြည်နယ် သစ်တောရေးရာညွှန်ကြားရေးဦးစီးဌာနနှင့် ဗီယက်နမ်ဟယ်ဟုန်၊ လောက်ကိုင်၊ လိုက်ကျိုး၊ တွန်းပြန်စသည့် ပြည်နယ်(၄)ခုရှိ စိုက်ပျိုးရေးနှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားရေးဦးစီးဌာနနှင့် နယ်စပ်သစ်တောလုပ်ငန်းနှင့်တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့သည်။ အပြည်ပြည်ဆိုင်ရာပဋိညာဉ်စာချုပ်ကို နှစ်ဦးနှစ်ဖက်မှလိုက်နာပြီး တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်မည်ဖြစ်ပြီး နယ်ခြားတရားမဝင်မှောင်ခိုရောင်းဝယ်ရေး၊ သစ်တောလုပ်ငန်းထုတ်ကုန်များ သယ်ပို့ရေးထိန်းချုပ်ရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဟူရှောင်ယုံ

# ယူနန်မှအရှေ့ဥရောပတိုက်သို့တိုက်ရိုက်ပျံသန်းသောလေကြောင်းလိုင်းကို ပထမဦးဆုံးပြေးဆွဲမည်



ဤသတင်းဌာနမှရရှိသောသတင်းအရ (သတင်းထောက်လီဟုန်ခိုင်) ယခုနှစ်နွေရာသီတွင် ကူမင်းမှ မော်စကိုသို့ တိုက်ရိုက်ပျံသန်းနိုင်မည် ဖြစ်သည်။ မကြာမီက ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ Aircraft A330-300 ဆင်းသက်ခဲ့ရာ ရှန်ဖုန်လေကြောင်းလိုင်း၏ ပထမဆုံးသော ကိုယ်ထည်ကျယ်လေယာဉ် တရားဝင်အပ်နှံခဲ့သည့် သဘောလက္ခဏာကို ဆောင်နေပါသည်။ အဆိုပါလေယာဉ်သည် ယခုနှစ်နွေရာသီတွင် ကူမင်း-မော်စကို Intercontinental တိုက်ရိုက်ပျံသန်းလေကြောင်းလိုင်းပြေးဆွဲမည်။ ၎င်းလေကြောင်းလိုင်းသည် ယူနန်၏ပထမဆုံးသော အရှေ့ဥရောပသို့ပျံသန်းသော Intercontinental လေကြောင်းလိုင်းဖြစ်သည်။

ယခုအကြိမ်ရှန်ဖုန်လေကြောင်းလိုင်းမှတင်သွင်းသော Aircraft A330-300 သည် ခရီးသည်ပေါင်း(၂၉၂)ဦးသယ်ဆောင်နိုင်ပြီး လျှောက်လမ်းနှစ်ကြောင်း ခရီးသည်ယာဉ်ဖွဲ့စည်းပုံဖြင့် First class(၃၂)ခုံ၊ Economy class(၂၆၀)ခုံပါဝင်ကြောင်းကို သတင်းအရသိရှိပါသည်။

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn